ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၂၂ / ၂၀၂၂ )

ဦးအောင်ဆွေဖြိုး ( အလုပ်သမား )
အမှတ်(၃၉၇)၊ မဟာဆွေလမ်း၊ (၅)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ ၀၉ - ၇၉၀ ၂၀၈ ၇၇၇ } နစ်နာ၍တောင်းဆိုသူ

နှင့်

Mr. Zhu Jianyong ( အလုပ်ရှင် )
Gold Emperor (Myanmar) Co.,Ltd
( ဖိနပ်ချုပ်စက်ရုံ )
ဒေါ်ခင်သီတာထွေး ( Department Head )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ဆရာရှမ်းလမ်းနှင့် ဆိပ်ကမ်း
သာလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။
၀၉ - ၇၇၀ ၉၈၀ ၈၀၄ } တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ မေ လ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဆရာရှမ်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)ရှိ Mr. Zhu Jianyong (အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သီတာထွေး( Department Head )နှင့် အလုပ်သမား ဦးအောင်ဆွေဖြိုးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှလွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Gold Emperor (Myanmar) Co.,Ltd ( ဖိနပ်ချုပ်စက်ရုံ ) လုပ်ငန်းပိုင်ရှင် Mr. Zhu Jianyong နှင့် အလုပ်သမား ဦးအောင်ဆွေဖြိုးတို့အကြား (၃၀-၃-၂၀၂၂)ရက်နေ့တွင် စက်ရုံအတွင်း စကားပြန် ဒေါ်နီနီဝင်းနှင့် စကားများရန်ဖြစ်ရာ အဝယ်တော် ဦးတင်ထွန်းနိုင် ဝင်ရောက်ပြောကြားသဖြင့် လုံးထွေးသတ်ပုတ်ကြပြီး ဦးအောင်ဆွေဖြိုး တစ်ဦးတည်းအား (၃၀-၃-၂၀၂၂)ရက်နေ့တွင် အလုပ်မှထုတ်ပယ်လိုက်ခြင်းအပေါ် တရားမျှတစွာ ဖြေရှင်းပေးရန် တင်ပြတိုင်ကြားလာခြင်းအား လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှု မရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ခံယူရန် လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဦးအောင်ဆွေဖြိုးအား အလုပ်ပြန်လည်ခန့်ထားရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အငြင်းပွားရန်ဖြစ်မှုတွင်ပါဝင်သူ(၃)ဦးလုံးအား လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဆွေးနွေးညှိနှိုင်းမှုရလဒ်အတိုင်း အလုပ်ထုတ်ပယ်ပါက ယခုကဲ့သို့ အငြင်းပွားမှုဖြစ်မည် မဟုတ်ကြောင်း တွေ့ရှိရသည်။ ဦးအောင်ဆွေဖြိုး တစ်ဦးတည်းကိုသာ အလုပ်ထုတ်ပယ်ခဲ့သဖြင့် တန်းတူအခွင့်အရေးရရှိရန် တောင်းဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC စာချုပ်)သည်လည်း သက်တမ်းကုန်လွန်နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

၅။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ တင်ပြထားရာတွင် ဦးအောင်ဆွေဖြိုး၊ ဒေါ်နီနီဝင်းနှင့် ဦးတင်ထွန်းနိုင်တို့ အချင်းချင်းခိုက်ရန်ဖြစ်ပြီး ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည်မှာ မှန်ကန်သောကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်) အရ အလုပ်မှထုတ်ပယ်ခြင်းဖြစ်ကြောင်း၊ ဦးအောင်ဆွေဖြိုးနှင့်အတူ ရန်ဖြစ်သူ စကားပြန် ဒေါ်နီနီဝင်းသည် လစာနှင့် အခြားစာရွက်စာတမ်းကိစ္စရပ်များ ( ERP ) Software နှင့်ပတ်သက်၍ ၎င်းတစ်ဦးတည်းသိသောကြောင့် လုပ်ငန်းလွှဲပြောင်းရန် အချက်အလက်များစွာရှိနေသဖြင့် (၃၀-၅-၂၀၂၂)ရက်နေ့ထိ နောက်ဆုံးထား အလုပ်ဆင်းစေပြီး အလုပ်ထုတ်ပယ်ပြီးဖြစ်ကြောင်း၊ ဦးတင်ထွန်းနိုင်သည် Gold Emperor (Myanmar) Co.,Ltd ( ဖိနပ်ချုပ်စက်ရုံ )၏ အဝယ်တော်ဖြစ်ပြီး ဤစက်ရုံမှ လစာမပေးရ၍ ဤစက်ရုံ၏ဝန်ထမ်းမဟုတ်ပါကြောင်းနှင့် အငြင်းပွားမှုအား မျှတစွာဖြေရှင်းပေးပါရန် တင်ပြထွက်ဆိုထားပါသည်။

၆။ အလုပ်သမား ဦးအောင်ဆွေဖြိုးက တင်ပြရာတွင် စကားပြန် ဒေါ်နီနီဝင်းနှင့် HR အခန်းသော့အား နောက်ဆုံးအသုံးပြုသူသည် မိမိဖြစ်၍ မိမိထံတွင်ရှိရမည်ဟု အကြိမ်ကြိမ် ပြောဆိုခြင်းကို မိမိတွင် မရှိ၍ မစွပ်စွဲရန်ပြောပြီး၊ အခြားသူတစ်ဦးထံမှ သော့တွေ့ရှိခဲ့မှုအား ဘာကြောင့် [illegible]သလဲလို့ လက်ညှိုးထိုးပြောဆိုခဲ့ရာ ဒေါ်နီနီဝင်းက လက်အား ပုတ်ချခဲ့သဖြင့် မိမိက ပြန်ပုတ်

ချခဲ့သဖြင့် ဒေါ်နီနီဝင်း၏ လက်မောင်းနီသွားပါကြောင်း၊ ထိုဖြစ်စဉ်ကို ဦးတင်ထွန်းနိုင်အား ဒေါ်နီနီဝင်းက ပြန်လည်ပြောကြားသဖြင့် ဒေါ်နီနီဝင်းအပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်သည်ဟုစွပ်စွဲကာ နှစ်ယောက်လုံးထွေး ထိုးကြိတ်ပါကြောင်း၊ ဒေါ်နီနီဝင်းက ဦးအောင်ဆွေဖြိုးအပေါ် ခုန်ပေါက်ပြီး ထုရိုက်ခြင်းများပြုလုပ်ပါကြောင်း၊ WCC အဖွဲ့ဝင်များနှင့် ညှိနှိုင်းမှုများအရ ရန်ဖြစ်မှုတွင် ပါဝင်သူ(၃)ဦးလုံးအား အလုပ်ထုတ်ရန် ဆွေးနွေးသော်လည်း ဦးအောင်ဆွေဖြိုးတစ်ဦးတည်းကိုသာ အလုပ်မှထုတ်ပယ်သောကြောင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် တရားမျှတစွာဖြေရှင်း ဆောင်ရွက်ပေးရန် တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၇။ အငြင်းပွားမှုဖြစ်ပွားရသည့်အကြောင်းအချက်အပေါ်တွင် ကောက်ချက်ပြု၍ မည်သူမှားသည်၊ မည်သူမှန်သည်၊ ထိုအကြောင်းအချက်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်လေ့လာသုံးသပ်မှု ပြုရပေသည်။ ယခုအငြင်းပွားမှု၏ အဓိကအကြောင်းအချက်မှာ အလုပ်သမားအား အလုပ်ထုတ်ပယ်သည့်ကိစ္စဖြစ်၍ ထိုသို့ထုတ်ပယ်ခြင်းသည် အလုပ်ရှင်က စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ/မရှိကိုသာ စိစစ်လေ့လာသုံးသပ်ခဲ့သည်။

၈။ အငြင်းပွားမှုဖြစ်စဉ်နှင့် ခိုက်ရန်ဖြစ်ပွားမှုအခြေအနေ (CCTV)မှတ်တမ်းကို ကြည့်ရှုပါက ဦးအောင်ဆွေဖြိုး ဒေါသအလျောက် ကိုယ်ထိလက်ရောက် စတင်ကျူးလွန်သည့် သဘောရှိသည်။ ထိုခိုက်ရန်ဖြစ်ပွားမှုမှ နှစ်ဖက်ဖြစ်ပွားသည့် ရန်ပွဲအဖြစ် သတ်မှတ်ရပေမည်။

၉။ စက်ရုံ၏ စည်းမျဉ်း၊ စည်းကမ်းအရ ခိုက်ရန်ဖြစ်ပွားခြင်းသည် ကြီးလေးသော ပြစ်မှုဖြစ်ပါသည်။ ခိုက်ရန်ဖြစ်ပွားသူ (၃)ဦးတွင် (၁)ဦးကိုသာ အလုပ်ထုတ်ပယ်ပြီး ကျန်(၂)ဦးကို အရေးယူခြင်း မရှိပါကလည်း သင့်လျော်မှုမရှိပေ။ ထို့ကြောင့် ခုံသမာဓိအဖွဲ့သည် ဦးအောင်ဆွေဖြိုးနည်းတူ ကျန်(၂)ဦးကိုလည်း အလုပ်ထုတ်ပယ်သင့်ဟု ဆုံးဖြတ်ရန်မှာလည်း ပို၍ပင် သင့်လျော်မှုမရှိသည့်အပြင် အလုပ်ရှင်၏ လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်လွန်းရာ ကျပေမည်။ ထို့ကြောင့် ဒေါ်နီနီဝင်း၊ ဦးတင်ထွန်းနိုင်နှင့် ဦးအောင်ဆွေဖြိုးတို့အား ပြစ်မှုမှတ်တမ်းတင် သတိပေးစာ လက်မှတ်ရေးထိုးစေခြင်းသာလျှင် မျှတစေမည်ဟု သုံးသပ်ရပါသည်။ ထို့ကြောင့် ဦးအောင်ဆွေဖြိုးအား ကြားကာလနစ်နာကြေး ပေးရန်မလိုဘဲ အလုပ်ပြန်လည်ခန့်ထားသင့်သည်ဟု သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်။ တောင်းဆိုသူ အလုပ်သမား ဦးအောင်ဆွေဖြိုးအား နောက်ဆုံးအကြိမ် ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး ဆုံးဖြတ်ချက်ချသည့်နေ့မှ (၇)ရက်အတွင်း ကြားကာလနစ်နာကြေးပေးရန် မလိုဘဲ အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကောသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိန်ဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်မြင့်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်